နောင်စီပေါကျေးရွာ

ဝိုင်းမော်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးစီမံကိန်း(၂၀၁၆-၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

နောင်စီပေါကျေးရွာ၊ ဝိုင်းမော်မြို့နယ်

(မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

မာတိကာ ၁

စကားချီး ၄

နောင်စီပေါကျေးရွာ အရင်းအမြစ်ပြဓမ္မပုံ၊ ဝိုင်းမော်မြို့နယ် ၆

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၇

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၇

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၉

(က)` တည်နေရာ၊ မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၉

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ ၁၁

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအား လက်လှမ်းမှီရယူမှု- လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ ၁၄

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၅

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြားအစီအစဉ်ကျသော ချိတ်ဆက်မှုများ ၁၇

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၁၈
(က) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေးအစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၄

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၆
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၇
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံချက် ဇယားများ ၃၀

(၁) ရွာ၏ လူမှုစီးပွားရေး အခြေအနေ

ဇယား (၁) လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား (၂) လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား (၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား (၄) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား (၅) ဥစ္စာဓန အဆင့် အခြေအနေ
ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား (၇) ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား (၈) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား (၉) ထိခိုက်သက်ရောက်မှုခံရနိုင်သည့် အုပ်စု

(၂) လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား (၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား (၁၂) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား (၁၃) ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဇရိယာ
ဇယား (၁၄) အဓိကသီးနှံများ နှင့် အထွက်နှုန်း
ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား (၁၆) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား (၁၉) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား (၂၀) မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ
ဇယား (၂၁) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာ နှင့် အခက်အခဲများ
ဇယား (၂၃) ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ
ဇယား (၂၄) ငွေကြေးလက်လှမ်းမှီမှု နှင့် ဘဏ်လုပ်ငန်း
ဇယား (၂၅) သဘာဝပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့် နှင့် အခက်အခဲများ
ဇယား (၂၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား (၂၇) မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား (၂၈) ကျောင်းအပ်နှုန်း
ဇယား (၂၉) စာသင်ကျောင်းဆောင် အခြေအနေ
ဇယား (၃၀) ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား (၃၁) အဖြစ်များသော ရောဂါများ
ဇယား (၃၂) ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား (၃၃) သောက်သုံးရေ ရရှိမှု
ဇယား (၃၄) သန့်ရှင်းရေး အခြေအနေ
ဇယား (၃၅) ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား (၃၆) ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား (၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား (၃၈) လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား (၃၉) ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား (၄၀) ယဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား (၄၁) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား (၄၂) မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတား နှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၂

ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား (၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၄

ဇယား (၄၅) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

ကိုးကားစာရင်း ၇၁

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၇၂

စီမံချက်ဆိုင်ရာ အချက်အလက်ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ပထမဦးဆုံးသော လူထုကိုယ်တိုင်ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့်အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကိုမူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကိုဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက်ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း (၂) ပိုင်းပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့်လုပ်ငန်းဆောင် ရွက်မှုအဆင့်

ဆင့်တို့ကိုအဓိကဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

၁၀- ၁၂ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
နောင်စီပေါကျေးရွာ
ဝိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ်

နောင်စီပေါကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ဝိုင်းမော်မြို့နယ်



အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှလိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင်ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကို လည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

(ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ဂ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားခြင်းဖြစ်ပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့်လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

(၂) ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

နောင်စီပေါကျေးရွာသည် ဝိုင်းမော်မြို့နှင့် (၆) မိုင်ခန့်သာကွာဝေးသည် ။ လိုင်ဇာ – မြစ်ကြီးနားကားလမ်းနံဘေးတွင်ရှိသည်။ လယ်ကွင်းများပတ်လည်ဝိုင်းနေသည့် ကုန်းမြေပေါ်တွင်တည်ရှိသည်။ မိုးတွင်အခါလယ်ကွင်းများရေနစ်မြုပ်၍ ရေကျကိုစောင့်ဆိုင်းပြီးမှသာ ပျိုးထောင်စိုက်ကြရသည်။

(ခ) သဘာဝအရင်းအမြစ်များ

မြေဆီဩဇာအသင့်အတင့်ကောင်းမွန်သော လယ်မြေ ၁၆၀၆ ဧက၊ ယာမြေ ၈၂ ဧကပိုင်ဆိုင်ပါသည်။ ထို့အပြင်အိမ်ဆောက်ကျောက်များကို ရွာအနီးရှိတောင်ခြေမှ အနည်းငယ်ရရှိသည်။ လက်လုပ်လက်စားများသည် သစ်တောထွက်ဖြစ်သည့် ငါးပေါက်သီး၊ တောကောင်များ၊ သစ်ဝါးစသည်တို့ကိုရောင်းချ၍ ဝမ်းစာအဖြစ်မှီခိုစာသောက်နေကြရသည်။ ကုမ္ပဏီများမှသစ်တောများကိုခုတ်ထွင်ရှင်းလင်းသဖြင့် သစ်တောပြုန်းတီးမှုဖြစ်ပါသည်။ ကျေးရွာအတွင်းကွေ့ဝိုက်စီးဆင်းနေသောချောင်းငယ်မှဟင်းစားငါးအနည်းငယ်ရရှိသည်။

(၃) လူမှုဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

လူဦးရေ (၁၄၁၃) ဦးသည် အလုပ်လုပ်နိုင်သူဦးရေဖြစ်သဖြင့် လုပ်သားအင်အားမှာလူဦးရေစုစုပေါင်း၏ (၆၃) ရာခိုင်နှုန်းရှိပါသည်။ ကုန်ထုတ်လုပ်ငန်းဆောင်ရွက်ရာတွင် လုပ်သားအင်အားလုံလောက်မှုရှိသည်ဟုခန့်မှန်းနိုင်ပါသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အိမ်ထောင်စု (၃၉၃) စုတွင် လယ်ယာလုပ်ငန်းကိုလုပ်ကိုင်သော အိမ်ထောင်စု (၅၇) ရာခိုင်နှုန်းရှိသည်။ ကျန်အိမ်ထောင်စုများမှာလယ်ယာလုပ်ငန်းတွင် နေ့စားကျပန်းအလုပ်နှင့် အချို့မှာဈေးရောင်းခြင်း၊ အစိုးရဝန်ထမ်းစသည်တို့ လုပ်ကိုင်ကြသည်။ လယ်ဧက (၁၀) မှ (၅၀) ထိပိုင်ဆိုင်၍ တစ်နှစ်ပတ်လုံး ဝမ်းစာဖူလုံသောမိသားစု (၉၆) အိမ်ထောင်စုရှိသည်။ ကျန်လယ်မြေမရှိသူများမှာ သူတပါးလယ်ကိုငှားရမ်းလုပ်ကိုင်ခြင်း၊ သူတပါးလယ်တွင် နေ့စားလုပ်ကိုင်ခြင်း လယ်ယာလုပ်ငန်းပြီးဆုံးချိန်တွင် တောတောင်ထဲတွင်ငါးပေါက်သီးကောက်ရောင်းခြင်း၊ မျှစ်ချိုးခြင်း ဟင်းသီးဟင်းရွက်ခူးရောင်းခြင်း၊ ဝက်စာရှာရောင်းခြင်း၊ ရွှေတွင်းလုပ်ငန်းများသို့ သွားရောက်လုပ်ကိုင်ခြင်း နိုင်ငံခြားသို့ခေတ္တသွားရောက်လုပ်ကိုင်ခြင်း .စသည်တို့ဖြင့် လုပ်ကိုင်စားသောက်ကြပါသည်။

(ဂ) ဆင်းရဲမှု၊ ဝမ်းစာဖူလုံမှုနှင့် ထိခိုက်လွယ်မှုအခြေအနေ

အသက်ကြီးရွယ်အို (၂၄) ဦးမှာ မိသားစုများမှလည်း ပြည့်စုံစွာထောက်ပံ့မှုမရသဖြင့် ခက်ခဲစွာစားဝတ်နေရေးကိုဖြေရှင်းနေရသည်။ ကျေးရွာ၏စီးပွားဓနအဆင့်သတ်မှတ်မှု လေ့ကျင့်ခန်းအရ

ဆင်းရဲအဆင့်နှင့် အလွန်ဆင်းရဲအဆင့်အိမ်ထောင်စုများမှ အိမ်ထောင်စု ၃၀ အားစစ်တမ်းကောက်ယူကြည့်ရာ ၆၀ ရာခိုင်နှုန်းမှာ သုံးလအောက်သာ ဝမ်းစာအတွက်မချေးမငှားဘဲ စားသောက်နိုင်ပြီး၊ ၃၃ ရာခိုင်နှုန်းမှာ သုံးလမှငါးလအထိစားသောက်နိုင်သည်။ လူငယ်များမူးယစ်ဆေးဝါး သုံးစွဲမှုရှိသဖြင့် ကျန်းမာရေးလူမှုရေးနှင့် အသက်အန္တရာယ်ပါထိခိုက်နိုင်ပါသည်။ တစ်ရွာလုံးနီးပါးရေဘေးကိုနှစ်စဉ်ကြုံတွေ့ရပါသည်။ အသက်အန္တရာယ်မရှိသော်လည်း ရက်ကြာမြင့်ပါကလယ်ကွင်းများပျက်စီးခြင်း၊ သီးနှံများပျက်စီးပြီးဝမ်းစာဖူလုံမှုနှင့် ကျန်းမာရေးထိခိုက်နိုင်ပါသည်။ လက်လုပ်လက်စားဆင်းရဲသော အိမ်ထောင်စုများမှာပုံမှန်ဝင်ငွေမရှိသောကြောင့် စားဝတ်နေရေးခက်ခဲသည့်အပြင် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးတို့ ပါထိခိုက်နိုင်ပါသည်။

(ဃ) ကျန်းမာရေး နှင့် အာဟာရ

နောင်စီပေါကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိသော်လည်း ကျန်းမာရေးနှင့်ညီညွတ်သောသောက်သုံးရေနှင့် သားဖွားခန်း၊ ဆေးဝါးများသိုလှောင်ထားရှိရန် ဆေးခန်းသုံးပရိဘောဂများစုံလင်မှုမရှိပါ။ အရေးပေါ်ကိစ္စများနှင့်ကြုံသည့်အခါ ဝိုင်းမော်မြို့နှင့် မြစ်ကြီးနားမြို့ရှိဆေးရုံသို့သွားရောက်ကြရပါသည်။ နောင်စီပေါကျေးရွာတွင် မတ်၊ ဧပြီ၊ မေလတို့တွင်တစ်ရွာလုံးနီးပါးရေခန်း၍ သောက်သုံးရေမလုံလောက်သဖြင့် သောက်သုံးရေလုံလောက်ရန် စိမ့်စမ်းရေသွယ်တန်းခြင်း လုပ်ငန်းအားဆောင်ရွက်နိုင်ရန်ဆွေးနွေးဖော်ထုတ်ကြပါသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

မူလတန်းပညာရေးပြီးဆုံးသူ (၄၄) ရာခိုင်နှုန်းရှိသည်။ ဘွဲ့ရ သူ (၃၆) ဦးရှိသည်။ တက္ကသိုလ်ပညာတတ်မြောက်မှုနှုန်းမှာ အလွန်နည်းပါသည်။ အဘယ်ကြောင့်ဆိုသော် အထက်တန်းကျောင်းစရိတ်မြင့်မားခြင်းကြောင့် မိဘများအများအားဖြင့်အလယ်တန်းအထိသာ ကျောင်းထားနိုင်ခြင်းကြောင့်ဖြစ်ပါသည်။ အထက်တန်းကျောင်း (ဝိုင်းမော်မြို့) သို့တက်ရန် အဆောင်စရိတ်၊ ကျူရှင်စရိတ်၊ စားစရိတ်၊ ခရီးစရိတ်မတတ်နိုင်သည့်အတွက် ကျောင်းတက်နှုန်း နည်းရခြင်း ဖြစ်ပါသည်။

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာလူထုအကြား ကျားမဆိုင်ရာအခွင့်အလမ်းများ ညီမျှရေးအခြေအနေများမှာ ပြဿနာမရှိပါ။ မိသားစုနှင့်ကျေးရွာအတွင်း အမျိုးသား၊ အမျိုးသမီးများ၏ အခွင့်အရေးများမှာလွတ်လပ်သောလုပ်ပိုင်ခွင့်များရှိသည်ကို တွေ့ရှိရသည်။ အိမ်တွင်းအကြမ်းဖက်မှုနှင့် ကျားမခွဲခြားမှုပြဿနာ များမရှိပါ။

အမျိုးသမီးနှင့် အမျိုးသားငယ်များတွင် တန်းတူပညာသင်ခွင့်၊ လေ့လာသင်ယူခွင့်နှင့် အခြားအရပ်သို့သွားရောက်အလုပ်လုပ်ကိုင်ခွင့်များစသည့် အခွင့်အရေးများရှိသည်။ ကျေးရွာလူမှု သာရေး၊ နာရေး၊ ပညာရေး၊ ဘာသာရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကျား၊ မညီမျှရေးနှင့် ပူးပေါင်းလုပ်ဆောင်မှုတို့ အားကောင်းမှုရှိသည်။

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

ကျေးရွာအတွင်း အစဉ်အလာအရဖွဲ့စည်းထားသော ဂေါပကအဖွဲ့၊ အမျိုးသမီးကြီးနှင့် အမျိုးသားကြီးအဖွဲ့၊ အပျိုး၊ လူပျိုအဖွဲ့တို့သည်ဗုဒ္ဓနှင့် ခရစ်ယာန်ဘာသာရေး ဂေါပကအဖွဲ့များသာရေး၊ နာရေးနှင့် လူမှုရေးလုပ်ငန်းများ၊ စပါးဘဏ်၊ ကျေးရွာပိုင်သစ်တောထိန်းသိမ်းရေးအဖွဲ့၊ စာကြည့်တိုက်နှင့်လူငယ်အဖွဲ့များစသဖြင့် မိမိသက်ဆိုင်ရာတွင် တက်ကြွစွာပူးပေါင်းလုပ်ကိုင်နေကြသည်။ ကျေးရွာရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ပိုမိုစနစ်ကျစွာဆောင်ရွက်နိုင်ရေး အစီအစဉ်များလိုအပ်လျက်ရှိပါသည်။

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာလယ်မြေ (၅၃၂၉) ဧကရှိသော်လည်း နောင်စီပေါကျေးရွာမှ အိမ်ထောင်စုများကပိုင်ဆိုင်သော လယ်မြေမှာ (၁၆၀၆) ဧကဖြစ်သည်။ အဓိကသီးနှံအဖြစ်စပါးသာစိုက်ပျိုးကြပြီး အခြားသီးနှံများကို စီးပွားဖြစ်စိုက်ပျိုးခြင်းမရှိကြပေ။ ယာမြေနှင့် ဥယျာဉ်ခြံမြေများတွင် မုန်ညှင်းနှင့်ဟင်းသီးဟင်းရွက်များကို အိမ်စားသုံးရန်အတွက် အနည်းငယ်စိုက်ပျိုးကြသည်။ အိမ်ခြံဝန်းအတွင်းရှိရေတွင်းမှ ရေစုပ်စက်ဖြင့်ရေတင်၍လည်း စိုက်ပျိုးကြရသည်။

(၁၀) ဧကခန့်သာရေလှောင်ထားသော ကိုယ်အားကိုယ်ကိုးဆည်ငယ်မှ အောင်ရေရှိပြီးကျန်သောလယ်မြေများမှာ မိုးရေအင်းရေဖြင့်သာ စိုက်ပျိုးကြရသည်။ ကျေးရွာအနီးအနားတွင် ဝါရှောင်ဆည်၊ နမ့်ဆွန်ဆည်၊ ကျောက်ပုံဆည်များရှိသော်လည်းလယ်မြေများဆည်ရေ လုံလောက်စွာမရပါ။ တစ်ဧကလျှင်ရေအသုံးပြုခ (၁၉၅၀) ကျပ်ကို နှစ်စဉ်ပေးဆောင်ရပြီး ရေဖြန့်ဝေမှုစနစ်မရှိသဖြင့် လယ်မြေများသို့ရေမရောက်ပါ ။ နမ့်ဆွန်ချောင်းတွင် ဆည်အသစ်ထပ်မံဆောက်လုပ်နိုင်ပါက လယ်မြေဧက (၁၀၀၀) ကျော်ခန့် စိုက်ပျိုးရေလုံလောက်စွာရရှိပြီး သီးထပ်သီးညှပ်စိုက်ပျိုးနိုင်ကာ သီးနှံထုတ်လုပ်မှု ပိုမိုတိုးတက်လာပါမည်။

လယ်ယာသုံးကိရိယာပိုင်ဆိုင်သူများမှာ ကျေးရွာရှိတောင်သူကြီးများနှင့် အလယ်အလတ်စားတောင်သူများပိုင်ဆိုင်ကြပါသည်။ လက်တွန်းထွန်စက် (၁၇) လုံးသာရှိပြီး ကျေးရွာလယ်သမားများ၏လယ်သာမက ကျေးရွာဧရိယာရှိ လယ်မြေဧကငါးထောင်ကျော်ကို အငှားလိုက်ထွန်ယက်ကြသည်။ လယ်မြေဧကနည်းသောသဖြင့် လယ်မြေဧကများသူများကိုသာ ပထမဦးစားပေး ထွန်ယက်ပေးကြပြီး ဆင်းရဲသောတောင်သူများမှာ လယ်ယာသုံးကိရိယာအသုံးပြုရန် အခွင့်အလမ်းကိုစိုက်ချိန်မိမရရှိကြပေ။

ကျွဲ၊ နွားမွေးမြူခြင်းသည် ဝင်ငွေတိုးလုပ်ငန်းအဖြစ်လုပ်ကိုင်ရန် အလားအလာကောင်းပြီး လယ်ယာလုပ်ငန်းအတွက် အထောက်အကူပြုသော မွေးမြူရေးလုပ်ငန်းဖြစ်သည်။ အချို့သော အိမ်ထောင်စုများမှာ မြင်း၊ ကြက်၊ ဝက်၊ ငါး အနည်းငယ်မွေးမြူကြသည်။ ရွာသားများမှာ

မွေးမြူရေးတိုးချဲ့လုပ်ကိုင်ရန် ဗဟုသုတနည်းပါးခြင်း၊ တိရစ္ဆာန်ရောဂါကာကွယ်နှိမ်နင်းရန် နည်းပညာဝန်ဆောင်မှုမဖွံ့ဖြိုးခြင်းနှင့် ဈေးကွက်အချိတ်အဆက်နှင့် ဈေးကွက်ဆိုင်ရာနည်းပညာ အားနည်းခြင်းတို့ကြောင့် တစ်ပိုင်တစ်နိုင်သာလုပ်ကိုင်နေကြသည်။

ကျေးရွာ၏မွေးမြူရေးနှင့် အသားထုတ်လုပ်မှုကဏ္ဍတိုးတက်လာစေရန်အတွက် ကာလရှည် ချေးငွေဝန်ဆောင်မှုလုပ်ငန်းများ၊ ကာကွယ်ဆေးထိုးခြင်းများ၊ အစာနှင့် ဆေးသွင်းအားစုများကို လက်လှမ်းမီရန်၊ ဈေးကွက်ဖွံ့ဖြိုးရန်လိုအပ်ပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ဆန်စက်၊ စပါးရိတ်စက်ပိုင်ဆိုင်သူများ၊ ထွန်စက်ပိုင်ဆိုင်သူများသည် အသုံးပြုမှုများသဖြင့် တစ်ရွာလုံးအားထားရပြီး ဝင်ငွေကောင်းသည်။

ရွာသူရွာသားများသည် လယ်စိုက်ပျိုးအပြီးတွင် ဝင်ငွေရလုပ်ငန်းများရှားပါးလာခြင်း ပညာရေးနိမ့်ကျခြင်းနှင့် အသက်မွေးဝမ်းကျောင်းပညာတတ်မြောက်မှုမရှိခြင်းတို့ကြောင့် ဝင်ငွေလစာကောင်းသောလုပ်ငန်းများရရှိရန်မလွယ်၍ ဝမ်းစာအခက်အခဲဖြစ်ကြရသည်။ အချို့မှာတောတောင်ထွက် သစ်ဥ၊ သစ်ဖုများနှင့် သစ်ဝါးများကို ရှားဖွေခုတ်ရောင်း၍ ဝမ်းစာအခက်အခဲကို ဖြေရှင်းကြရသည်။

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

ကျေးရွာတွင်ကျေးရွာပိုင် သစ်တောထိန်းသိမ်းရေးအဖွဲ့ရှိသော်လည်း၊ ကုမ္ပဏီများမှသစ်တောများကိုခုတ်ထွင်ရှင်းလင်းသဖြင့် သစ်တောပြုန်းတီးမှုမှာမြင့်မားနေသည်။ လယ်မြေများတွင်ခါတုဆေးများအဆမတန်အသုံးပြုခြင်း၊ မြေဩဇာများအလွန်အကျွံထည့်ခြင်းတို့ကြောင့် မြေဆီလွှာပျက်စီးမှုများရှိသည်။ ကျေးရွာမြေနေရာသည် ရေဝင်နိုင်သည့်မြေအနေအထားရှိသဖြင့် ရေမြောင်းများရေစီးရေလာကောင်းမွန်အောင် ဖောက်လုပ်ထားခြင်းမရှိသောကြောင့် သောက်သုံးရေသန့်ရှင်းမှုကိုပါထိခိုက်လာစေခဲ့သည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမအသင်းတို့မှ စိုက်ပျိုးစရိတ်ချေးငွေကို ပုံစံ (၇) အထောက်အထားဖြင့် (၆) ချေးပေးသည်။ ပြင်ပမှချေးငွေဂန်ဆောင်မှုပေးသော အဖွဲ့များမှလည်း ချေးငွေကာလတိုတောင်ခြင်း၊ လိုအပ်သည့်ငွေပမာဏမရရှိခြင်းများကြောင့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများဝင်ငွေတိုးလုပ်ငန်းများလုပ်ကိုင်ရန် အခက်အခဲများရှိသဖြင့် အတိုးနှုန်းသက်သာစွာဖြင့် အနည်းဆုံးချေးငွေကာလတစ်နှစ်ဖြင့် ချေးယူနိုင်မည့် ချေးငွေဝန်ဆောင်မှုလုပ်ငန်းများ ရှိလာပါက ဝင်ငွေရလုပ်ငန်းများကို ယခင်ကထက်ပိုမိုလုပ်ကိုင်နိုင်မည်ဖြစ်ပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ရွာတွင်အလယ်တန်းပညာရေး သင်ကြားနိုင်ပြီဖြစ်သည်။ ကျေးရွာရှိကျောင်းသားလူငယ်များမှာ အလယ်တန်းပညာရေးကို တတ်မြောက်နိုင်ကြသော်လည်း အထက်တန်းပညာရေးဆက်တက်ရန်အတွက် မိဘများပညာသင်စရိတ်မတတ်နိုင်သဖြင့် အနည်းငယ်သာကျောင်းဆက်တက်နိုင်တော့သည်။ အစိုးရခန့်အလယ်တန်းပညာသင် ဆရာများမရရှိသေးသဖြင့် ဆရာလုံလောက်မှုမရှိသဖြင့်မူလွန်မှဆရာမများမှ အလယ်တန်းသို့ကူသင်နေကြရပါသည်။ ကျောင်းအဆောက်အဦမှာ ပြုပျက်မှုများနေသဖြင့် ကျောင်းဆောင်သစ် ဆောက်လုပ်ရန်လိုအပ်နေပါသည်။

ကျေးလက်ကျန်းမာရေးဌာနခွဲရှိသော်လည်း ဆေးခန်းသုံးပရိဘောဂနှင့် အဆောက်အဦး လိုအပ်ချက်များရှိနေသေးသည်။ အိပ်ချ်အိုင်ဗွီအေအိုင်ဒီအက်စ်ဝေဒနာရှင်များ၊ တီဘီရောဂါနှင့် ငှက်ဖျားတို့ရှိသဖြင့်လည်း ကျန်းမာအောင်နေထိုင်ပြုမူစားသောက်ရမည့် အလေ့အကျင့်သင်တန်းများ အရေးတကြီးလိုအပ်နေပြီ ဖြစ်သည်။

နွေရေခဲသောရေတွင်းများ အနည်းငယ်သာရှိသည့်အပြင် မိုးရာသီရေနစ်မြုပ်ခြင်းကြောင့်ရေကောင်းရေသန့်မရရှိတော့ပေ။ ဘုံဘိုင်တွင်းများမှာလည်း နွေရာသီတွင်ရေခန်းခြောက်သဖြင့် သောက်သုံးရေအခက်အခဲရှိသည်။ ရွာအနီးရှိတောင်ခြေတွင် စိမ့်စမ်းရေထွက်ပေါက်များရှိသည့် အတွက်သောက်သုံးရေသွယ်တန်းနိုင်သော်လည်း ငွေကြေးဝန်ဆောင်မှုပေးနိုင်မည့် အဖွဲ့အစည်းများ၏အကူအညီများ နည်းပညာအကူအညီများစွာ လိုအပ်နေပါသည်။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

ရှမ်းနှစ်ကူးပွဲ၊ ကချင်မနောပွဲတို့တွင် ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရန် ပြုလုပ်ပေးခြင်းများရှိသည်။ ကျေးရွာအားကစားကွင်းတွင် အားကစားပြိုင်ပွဲများ ပြုလုပ်ကျင်းပကြသည်။ လူငယ်များသည် ဘာသာရေး၊ လူမှုရေး သာရေး၊ နာရေးများနှင့် ရိုးရာပွဲတော်များတွင် တက်ကြွစွာပါဝင်လှုပ်ရှားကြသူများဖြစ်သည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အကျိုးဆောင်လုပ်သားများဖြစ်သာပါဝင်လုပ်ကိုင်ကြသည်။ ဖျော်ဖြေရေးအတွက် တီဗွီ၊ ဗွီဒီယိုနှင့် ရေဒီယိုလိုင်းများကိုဖမ်းယူနာဆင်ခြင်းဖြင့် အပန်းဖြေကြသည်။

နိုင်ငံရေးအခြေအနေ တည်ငြိမ်သောဒေသဖြစ်သော်လည်း ရွာနှင့်အနီးပတ်ဝန်းကျင်များတွင် လူငယ်များကို မူးယစ်ဆေးဝါးအန္တရာယ် ခြိမ်းခြောက်လျက်ရှိသည်။

(ဇ) အခြေခံအဆောက်အဦ –လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာချဉ်းကပ်လမ်းအရှည်တစ်ဝက်ကို ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူပြုလုပ်သော ကျောက်ချောလမ်း (၈) ဖာလုံမှာပြီးစီးသဖြင့် ယခုအချိန်တွင် ယင်းလမ်းထက်ဝက်မှာသွားလာရလွယ်ကူသွားပြီဖြစ်သည်။ ကျန်လမ်းပိုင်းကို ပြန်လည်ပြုလုပ်ရန် အစီအစဉ်များရှိသည်။ အခြေအနေတွင်ရှိနေပါသည်။ ထိုလမ်းသည်လယ်မြေကို မြေဖို့၍ဖောက်လုပ်ထားသဖြင့်မြေသားအမာခံနည်းကာ လမ်းပျက်ဆီးမှုများသည်။ ရွာအတွင်းချောင်း ကွေ့ဝိုက်စီးဆင်းနေသဖြင့်

တံတား (၅) စင်းနှင့် ချိတ်ဆက်ထားသည်။ (၃) စင်းမှာ သစ်သားတံတားဖြစ်ပြီး နှစ်စဉ်ပြန်လည်ပြုပြင်နေရသဖြင့် ဆယ့်နှစ်လရာသီလုံးအသုံးမပြုနိုင်ပေ။ ထို့ကြောင့်ကွန်ဂရစ်တံတားအဖြစ် အသစ်ပြန်လည်ဆောက်လုပ်ရန်လိုအပ်ပါသည်။

အစိုးရလျှပ်စစ်မီးမရရှိသေးသဖြင့် ဆိုလာ၊ ရေအားလျှပ်စစ်၊ ဒီဇယ်အင်ဂျင်၊ လေစွမ်းအင်စသဖြင့်သုံးကြရသော်လည်း၊ ပြုပြင်ထိန်းသိမ်းစရိတ်နှင့် ကုန်ကျစရိတ်များသဖြင့် တစ်ရွာလုံးအသုံးမပြုနိုင်ပေ။

ဆက်သွယ်ရေးအဖြစ်ဖုန်း (၂၃၃) လုံးကို အသုံးပြုနိုင်လာပြီးဖြစ်သည်။ ရေဒီယို ၊ တီဗွီများမှလည်းသတင်းနှင့် မိုးလေဝသအခြေအနေများကို ဖမ်းယူနားဆင်နိုင်လာပြီဖြစ်သည်။

(ဈ) ပြည်သူ့လုံခြုံရေး

လုံခြုံရေးဆိုင်ရာ အရေးပေါ်ကိစ္စများအတွက် လက်ကိုင်တယ်လီဖုန်းများကို အသုံးပြုဆက်သွယ်နိုင်သောအခြေအနေတွင်ရှိပါသည်။ ကျေးရွာနှင့် ဝိုင်းမော်ရဲစခန်းမှာလည်း ၂ မိုင်ခန့်သာကွာဝေးပါသည်။ မူးယစ်ဆေးဝါးရောင်းဝယ်မှု၊ စားသုံးမှုများရှိခြင်းကြောင့် ခိုးမှုလုယက်မှုများ စိုးရိမ်ရသောအခြေအနေတွင်ရှိပါသည်။

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ

စိုက်ပျိုးရေး

တောင်သူများမှာ စပါးအပြီးဝင်ငွေရသီးနှံများကို စိုက်ပျိုးလိုကြသည်။ မြေဆီလွှာအရည်အသွေးအသင့်အတင့်ကောင်းမွန်မှုနှင့် သီးနှံစိုက်ပျိုးထုတ်လုပ်နိုင်သည့် အခြေအနေကောင်းများရှိသည်။

စိုက်ပျိုးရေးကို နမ့်ဆွန်ချောင်းမှစိုက်ပျိုးရေးအလုံအလောက် ရရှိနိုင်ခြေရှိသည့်အတွက် နှစ်သီးစားစိုက်ပျိုးရေးသာမကတန်ဖိုးမြင့် ဈေးကွက်ဝင်သီးနှံများကိုပါ စိုက်ပျိုးနိုင်မည်ဖြစ်သည်။ နမ့်ဆွန်ချောင်းကိုဆည်တည်ဆောက်နိုင်ပါက ရေမရ၍စွန့်ပစ်ခံထားရသည့် လယ် (၁၀၀၀) ဧကကျော်ကို သီးနှံစိုက်ပျိုးနိုင်လာမည်ဖြစ်သည်။

ကွဲ၊ နွား၊ မြင်း၊ ဝက်၊ ကြက်တို့ကို တစ်နိုင်တစ်ပိုင်သာမွေးမြူနိုင်ကြသည်။ တိရစ္ဆာန်တိုးတက်မွေးမြူနိုင်ရေးအတွက် စားကျက်အဖြစ်အသုံးပြုရန် တောတောင်များရှာပတ်ဝန်းကျင်တွင်ရှိသည်။ စီးပွားဖြစ်သားငါးနှင့် နို့ထွက်ပစ္စည်းများ၊ အနယ်နယ်အရပ်ရပ်သို့တင်ပို့နိုင်သည့် လမ်းပန်းဆက်သွယ်ရေး အခြေအနေကောင်းများရှိသည်။ ကချင်ပြည်နယ်၏ သားငါး ၊ ဥဈေးကွက်များ၊ နို့နှင့် နို့ထွက်ပစ္စည်းဈေးကွက်စသည့် အခြေအနေကောင်းများရှိသည်။ အဘယ်ကြောင့်ဆိုသော် စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် ချင်းပြည်နယ်တို့မှ မွေးမြူရေးသွင်းကုန်များဖြစ်သည့် ကြက်၊ ဝက်၊ နွား

စသည်တို့ကို ကချင်ပြည်နယ်သို့ တင်သွင်းနေခြင်းတို့ကြောင့် မိသားစုဝင်ငွေတိုးလုပ်ငန်းအဖြင့် မွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ်တိုးချဲ့လုပ်ကိုင်နိုင်ပါသည်။

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာရေရှည်ဖွံ့ဖြိုးရေးအတွက် စီမံချက်များဖြင့်ဆောင်ရွက်နိုင်ရန် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များကောင်းမွန်ရေး၊ အဖွဲ့အစည်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်ရေးတို့အတွက် စဉ်ဆက်မပြတ် နည်းပညာအကူအညီများရရှိရန်လိုအပ်လျက်ရှိပါသည်။

ကျေးရွာတွင်စိုက်ပျိုးမြေများပေါများသော်လည်း စိုက်ပျိုးရေလုံလောက်စွာရရှိရေးမှာ စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါသည်။ ဝါးရှောင်ဆည်ရေလုံလောက်စွာရရှိရေးအတွက် သက်ဆိုင်ရာဌာန၏ဆည်မြောင်းရေဖြန့်ဝေရေးဆိုင်ရာ ကြီးကြပ်မှုများရရှိရေးအတွက် တင်ပြရန်လိုအပ်ပါသည်။ နန့်ဆွန်ချောင်းကဲ့သို့သော ရေအရင်းအမြစ်ရရှိနိုင်သော အခွင့်အလမ်းကောင်းရှိသော်လည်း ဆည်မြောင်းများတည်ဆောက်ရန် ဖွံ့ဖြိုးရေးစီမံကိန်းများရရှိရေးအတွက် လယ်သမားများနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီတို့ ပူးပေါင်းဆောင်ရွက်ရပါဦးမည်။

သီးနှံစိုက်ပျိုးထုတ်လုပ်မှု၊ တိရစ္ဆာန်မွေးမြူရေးနှင့် အခြားအသေးစားဝင်ငွေရလုပ်ငန်းများတိုးတက်လုပ်ကိုင်နိုင်ရန် ဘဏ်နှင့် ချေးငွေဝန်ဆောင်မှုလုပ်ငန်းများအား လက်လှမ်းမီရေးမှာ ကျေးရွာအတွက် ဖြေရှင်းကြရမည့်ကိစ္စဖြစ်ပါသည်။

လူမှုရေးကဏ္ဍအနေဖြင့် နွေရာသီတွင်သောက်သုံးရေဖူလုံစွာရရှိရေး၊ လူငယ်များ မူးယစ်ဆေးဝါးအန္တရာယ်ကင်းဝေးရေးတို့ဆောင်ရွက်ရန် အရေးကြီးပါသည်။ ၄င်းတို့အတွက် ဖွံ့ဖြိုးရေးစီမံကိန်းများစဉ်ဆက်မပြတ်ရရှိရန် မြို့နယ်အဆင့်သက်ဆိုင်ရာ ဦးစီးဌာနများသို့ တင်ပြဆောင်ရွက်ရန်လိုပါသည်။

(၆) ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

(က) ရည်မှန်းချက် ပန်းတိုင်

ကျွန်ုပ်တို့သည် ကျေးလက်ဖွံ့ဖြိုးရေးအစီအစဉ်ရေဆွဲသည့်အဖွဲ့နှင့် ဆွေးနွေးမှုများပြုလုပ်၍ နောင်ငါးနှစ်အတွင် လုပ်ကိုင်ဆောင်ရွက်သွားမည့် ရည်မှန်းချက်ပန်းတိုင်များနှင့် နည်းဗျူဟာများကို အောက်ပါအတိုင်း ချမှတ်ခဲ့သောသည်။

(၁) စိုက်ပျိုး မွေမြူရေးနှင့် ဝင်ငွေတိုးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ခြင်း

(၂) စိတ်ချလုံခြုံရသောလူမှုပတ်ဝန်းကျင်နှင့် ပညာရေးအရည်အသွေးမြင့်မားသော လူသားအရင်းအမြစ်တိုးပွားလာနိုင်ရေး

(၃) လူထုအခြေပြုအဖွဲ့အစည်းများနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ၏ အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှုများတိုးတက်လာစေရေးနှင့် စွမ်းဆောင်ရည်ထက်မြက်လာရေး

(ခ) **နည်းဗျူဟာ**

ကျွန်ုပ်တို့ချမှတ်ထားသောရည်မှန်းချက်များရရှိရန် လုပ်ဆောင်ရမည့်အောက်ပါ နည်းဗျူဟာများမှာ-

(၁) ကြက်၊ ဝက်၊ နွားမွေးမြူခြင်းကို စီးပွားဖြစ်မွေးမြူရန်နှင့် သီးနှံတိုးချဲ့စိုက်ပျိုးထုတ်လုပ်ခြင်း

စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ– ထွက်ကုန်များကိုကျေးရွာအရောက်ကျယ်ကျယ်ပြန့်ပြန့် ချိတ်ဆက်လုပ်ဆောင်နိုင်ရန် စျေးကွက်ဗဟိုချက်အဖြစ် ကျေးရွာအုပ်စု (သိုမဟုတ်) မိုးညှင်းမြို့တွင် ကုန်စည်ဒိုင်များဖွင့်လှစ်၍ စျေးကွက်လက်လှမ်းမီရန် ဆောင်ရွက်ခြင်း

မွေးမြူရေးလုပ်ငန်းဖြစ် ဝင်ငွေတိုးအောင်ဆောင်ရွက်ခြင်းနှင့် သီးနှံစိုက်ပျိုးရန် လိုအပ်သော ဆည်တည်ဆောက်ခြင်း (အဝီစိတွင်းနှင့် ရေသွယ်မြောင်း) ပြုလုပ်ခြင်းနှင့် ရေစုပ်စက်၊ ရိတ်သိမ်းစက်စသည့် လုပ်ငန်းသုံးကိရိယာများဝယ်ယူရန် ကာလရှည်ချေးငွေဝန်ဆောင်မှုများ၊ ရင်းနှီးမြှုပ်နှံမှုများ လက်လှမ်းမီအောင်ပြုလုပ်ခြင်း

သီးနှံစိုက်ပျိုးချိန်တွင် ကျွဲ၊ နွား လွှတ်ကျောင်းခြင်းကိုထိန်းချုပ်ခြင်း ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဌာနများမှ နည်းပညာအကူအညီများရယူ၍ ကျွဲ၊ နွားစားကျက်ခြံ ပြုလုပ်ခြင်းကို ပံ့ပိုးကူညီခြင်း

စိုက်ပျိုးရေးမျိုးစေ့များနှင့် မွေးမြူရေးမျိုးများမှာ အရည်အသွေးတဖြည်းဖြည်းလျော့ကျလာပြီဖြစ်သည်။ ထို့ကြောင့် နဂိုမူလစနစ်များကို နည်းပညာရပ်များဖြင့်ပြောင်းလဲနိုင်မည့် လက်တွေ့ကျသောသိပ္ပံနည်းပညာအကူအညီများရရှိရန်နှင့် မွေးမြူရေးမျိုးကောင်းမျိုးသန့် လက်လှမ်းမီရေးနှင့် ရာသီအလိုက်ဖြစ်ပွားသော ရောဂါကာကွယ်ဆေးထိုးခြင်းများနှင့် လက်လှမ်းမီအောင် ဆောင်ရွက်ခြင်း

ဆင်းရဲသောအိမ်ထောင်စုများအတွက် မြေယာအသစ်ဖော်ထုတ်၍ လယ်ယာသစ်တော လုပ်ငန်းဖြစ် ဝင်ငွေရသီးနှံများနှင့် နှစ်ရှည်ပင်များ ပေါင်းစပ်စိုက်ပျိုးလုပ်ကိုင်ခွင့်ရရှိအောင်ဆောင်ရွက်ခြင်း

ရွာသားများအလုပ်အကိုင်အခွင့်အလမ်းရရှိရန် အသက်မွေးဝမ်းကျောင်းသင်တန်းများပို့ချပေနိုင်ခြင်းနှင့် လယ်ယာစိုက်ပျိုးရေးကို အခြေခံသောစက်မှုကုန်ကြမ်း သီးနှံများဖြစ်သည့် ရာဘာနှင့် စပါး၊ ပဲအမျိုးအစားများ၊ သစ်သီးသီးနှံများ၊ ဟင်းသီးဟင်းရွက်များတိုးတက် စိုက်ပျိုးထုတ်လုပ် နိုင်အောင် ဆောင်ရွက်ခြင်း

(၂) ကျေးရွာအတွင်းအရည်အသွေးမြင့်သော ပညာတတ်များတိုးပွားလာစေရေးနှင့် လူငယ်များအတွက်လုံခြုံစိတ်ချရသော အထူးသဖြင့်မူးယစ်ကင်းစင်သော ပတ်ဝန်းကျင်ကောင်းတစ်ခုဖန်တီးလုပ်ဆောင်နိုင်ရန်

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကိုဆောင်ရွက်ရန် ကျေးရွာမူးယစ်ကင်းစင်ဆောင်ရွက်မည့်ကော်မတီများ၏ အရည်အသွေးကိုမြှင့်တင်ခြင်း ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ရဲစခန်းမှ နည်းပညာအကူအညီများရယူ၍ မူးယစ်ဆေးဝါးတားဆီးရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်သွားရန်

လူငယ်လူရွယ်များ ကြံ့ခိုင်ဖွံ့ဖြိုးလာစေရေးအတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအုပ်စုအောက်ရှိရွာမှ လူငယ်များစုပေါင်း၍ ဂီတ၊ အားကစား၊ နှင့် အခြားသော လူငယ်ဖွံ့ ဖြိုးရေးအစီအစဉ်များ လုပ်ငန်းအကောင်အထည်ဖော်လုပ်ဆောင်နိုင်မည့် သတင်းအရင်းအမြစ်များ နှင့် လုပ်ငန်းစဉ်များဖြင့် လုပ်ဆောင်သွားမည်

(၃) ဆင်းရဲသောအိမ်ထောင်စုများအတွက် ပညာရေးထောက်ပံ့ပေးခြင်းနှင့် ပညာတတ်မြောက်ခြင်း၏ အရေးပါမှုများကို သိရှိနားလည်အောင်ဆောင်ရွက်ခြင်း

လုပ်ငန်းအခွင့်အလမ်းများရရှိရန် လုပ်ငန်းကျွမ်းကျင်မှုနှင့် ပညာတတ်မြောက်မှုများတိုးတက်အောင်ဆောင်ရွက်သွားခြင်း

ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းခြင်းနှင့် ကျေးရွာအဖွဲ့အစည်းများကို အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အစီအစဉ်ရေးဆွဲခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော်ခြင်းများဆောင်ရွက်ရန် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းခြင်း

ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် အလုပ်အမှုဆောင်ကော်မတီများ၏ အဆောက်အဦး စီမံခန့်ခွဲမှုဆိုင်ရာ နည်းပညာနှင့်စွမ်းဆောင်ရည်မြှင့်တင်ခြင်းများ ပြုလုပ်ရန်လိုအပ်ခြင်း

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသောချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤသို့ဖော်ပြခြင်းဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်အထိပံ့ပိုးမှုပေးနိုင်မည့် စိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်မည်ဖြစ်ပါသည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်းရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်တော်တို့ကျေးရွာသူ ရွာသားများကိုယ်တိုင် အားထုတ်

လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်းနှင့် ရွေးချယ်ထားသောရည်မှန်းချက်များ ပြည့်မီအောင် ဆောင်ရွက်ရန် အချိန်မှန်ပြန်လည်သုံးသပ်မည့်အစီအစဉ်များ ပြုပြင်ရေးဆွဲခြင်းစသည်တို့ဆောင် ရွက်နိုင်ရန်အကူအညီများ ဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

ကျေးရွာရှိငွေကြေးဆိုင်ရာဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ၏ ထုတ်ချေးပေးသော ချေးငွေပမာဏသည် အလွန်နည်းပါးသဖြင့် လယ်သမား၊ ယာသမား၊ မွေးမြူရေး လုပ်ကိုင်သူများ အတွက် မလုံလောက်သောချေးငွေပမာဏဖြစ်သည့်အပြင် သတ်မှတ်ထားသောအချိန်ကာလများရှိ ခြင်းကြောင့် မွေးမြူရေး၊ စိုက်ပျိုးရေးလုပ်ရန် အကန့်အသတ်များရှိနေသည်။ လယ်သမားများမှာ လည်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်ခြင်း မရှိကြသေးသည့်အတွက် ချေးငွေအလုံအလောက်ရရှိရန် အတိုးကြီးပေး၍ချေးယူကာ လယ်၊ ယာလုပ်ငန်းများကို လုပ်ကိုင်နေ ကြရသည်။ ဆင်းရဲသောတောင်သူများ၊ လက်လုပ်လက်စားများမှာ ငွေကြေးချေးယူရရှိရန်ခက်ခဲ သည်။ သီးနှံနှင့် သားငါးကဏ္ဍတိုးတက်ထုတ်လုပ်နိုင်ရန်၊ မွေးမြူရေးကာလရှည်ချေးငွေနှင့် လယ်၊ ယာလုပ်ငန်းချေးငွေဝန်ဆောင်မှုများကို ဒေသနှင့်ကိုက်ညီစွာ ဝန်ဆောင်မှုရရှိရန် လိုအပ်နေပါသည်။

အသက်မွေးဝမ်းကြောင်းဆိုင်ရာ နည်းပညာနှင့် ဈေးကွက် အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း

ကျွန်ုပ်တို့ကျေးရွာတွင် သီးနှံထွက်ကုန်များ၊ မွေးမြူရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ် ရန်မြေဆီဩဇာအားကောင်းသော လယ်၊ ယာမြေများ ပေါများခြင်း၊ အိမ်ခြံဝင်းကျယ်များရှိခြင်းတို့ ကြောင့် ဒေသထွက်ကုန်ကြမ်းများကို အခြေခံသောတန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင် ရန်နည်းပညာသင်တန်းများ ရရှိဆောင်ရွက်ခြင်းသည်လည်း ကျေးရွာရှိလူသားအရင်းအမြစ်သုံးစွဲမှု ကိုထိရောက်စွာအသုံးချနိုင်ရုံမက ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများ များပြားလာသည်နှင့် အမျှတစ်ဖက်နိုင်ငံများတွင် ရွှေ့ပြောင်းလုပ်ကိုင်နေသူများအား မိမိနေရပ်သို့ပြန်လာ၍ လုပ်ကိုင်နိုင် မည့်အခွင့်အလမ်းများတိုးတက်လာစေပြီး မိသားစုပေါင်းစည်းနေထိုင်လုပ်ကိုင်နိုင်ခြင်းနှင့် စားနပ် ရိက္ခာဖူလုံမှုတိုးတက်လာစေပြီး ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းစေရေးကို တစ်ထောင့်တစ် နေရာမှ အထောက်အကူပြုနိုင်ပေမည်။ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဝန်ဆောင်မှု လုပ်ငန်းများ စသည်တို့အတွက် လိုအပ်သော ကျွမ်းကျင်မှု အသစ်များအလိုက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းများ ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ပါသည်။ သက်ဆိုင်ရာ ဦးစီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ချေးငွေအစီအစဉ်များဖြင့် ချိတ်ဆက်လုပ်ဆောင်ပေးနိုင် ပါက မြန်ဆန်တိုးတက်လာစေပါမည်။

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည်ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်စေနိုင်မည့် နည်းဗျူ ဟာများအဖြစ်သို့ရောက်ရှိအောင် အောက်ခြေအထိလုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ စီမံကိန်း ငါးနှစ်တာကာလကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ်လိုအပ်ပါမည်။

(က) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေးအစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စီစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည်မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန်လိုအပ်လာပါမည်။ ထို့ကြောင့် ဆိုးရွားသောသဘာဝဘေးအန္တရာယ် သက်ရောက်မှုများမရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေးနည်းဗျူဟာသည် အနည်းနှင့်အများပြောင်းလဲမှုရှိမည်မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာအတွင်း ထပ်တိုးစီမံချက်များအား ထည့်ဝင်လာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက်ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှုဆိုင်ရာရွေးချယ်ခြင်း၊ အစီအစဉ်နှင့်စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရလွယ်ကူစေသည်။ ဒေသတွင်းဖြစ်ပေါ်လာသောဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်များကိုပြောင်းလဲရန်ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ငါးနှစ်တာအတွက် ရေးဆွဲထားသောဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ပြင်ဆင်ရမည်ဖြစ်ပါသည်။

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့်စီမံချက်များအားကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာအချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင်များစွာ အထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့်သက်ဆိုင်သော စီမံကိန်းများကိုသိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classification သည် စီမံကိန်းလုပ်ငန်းများ၏ အကျိုးရလဒ်ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

ကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံကိန်းသည်၊ စီမံကိန်းဘတ်ဂျက်သည်(က)မည်သည့်ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊လျှပ်စစ်ကဏ္ဍစသည်)၊(ခ)မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံကိန်းဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

(၁) ငွေကြေး ရင်းနှီးမြှုပ်နှံမှုများ (Capital Investment) ဥပမာ - ဆောက်လုပ်ရေးပစ္စည်းများနှင့် ပုံသေဝယ်ယူ၍ရသောရင်းနှီးမြှုပ်နှံမှုများ၊

(၂) စွမ်းရည်မြှင့်တင်ရေး (Capacity Building) ဥပမာ-ဆွေးနွေးပွဲ၊ သင်တန်းစသည့် အသုံးစရိတ်၊

(၃) အထွေထွေရင်းနှီးမြုပ်နှံမှု (ငွေကြေးရင်းနှီးမြှပ်နှံမှုများနှင့် စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းများ ပေါင်းစပ်လျက်)၊

(၄) အရေးပေါ် အထောက်အပံ့။

(ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူကျေးရွာသားအုပ်စု (၄) စုထဲမှ (၁၀) ဦးကဦးစားပေးရမည့်စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သောစီမံချက်များကိုဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာအသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန် လိုအပ်ပါသည်။

